အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများ၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**"ဝ၊ ဂ၊ ပ၊ င၊ ထ၊ တ"ဗျည်းတို့ကိုအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။**သင်ပုန်းပေါ်တွင်ရေးထားသော ဝ၊ ဂ၊ ပ၊ င၊ ထ၊ တဗျည်းတို့မှ ဆရာခေါ် ပေးသောဗျည်းတို့ကို ဝိုင်းစေခြင်း (မိနစ် ၃၀)**

- ယခင်ကစားခဲ့ပြီးသောဗျည်းကစားနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A, B, C, D"**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A to P"အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A to P" **အက္ခရာ(၁၆)လုံးကို**Letter **ဘင်ဂိုကစားခြင်း(၁၅ မိနစ်)**

- အုပ်စု တစ်ခုစီကို A မှ P ထိ အက္ခရာစာလုံးတစ်လုံးစီရေးထားသောကတ်ပြား (၁၆)ခု တစ်စုံစီပေးပါ။
- ကတ်ပြားများကို (၄)ခုစီ ကြိုက်သလို တန်းစီရန် ညွှန်ကြားပါ။
- ဆရာက အက္ခရာတစ်လုံး၏ အမည်ကို ကျပန်းခေါ်ပေးပါ။
- အုပ်စုများက မိမိတို့ကတ်ပြားများကို ကြည့်ပြီး ဆရာခေါ်သော အက္ခရာစာလုံး ရှိပါက ၄င်းအက္ခရာကတ်ပြားကို ထိုနေရာတွင်ပင်မှောက်ထားပါစေ။
- ဤနည်းအတိုင်း အက္ခရာများကို ဆက်လက်ခေါ်သွားပါ။
- အက္ခရာများကို အလျားလိုက်(သို့)ဒေါင့်တန်း လေးလုံးတန်းမှောက်ပြီးပါက ထိုအသင်းက ဘင်ဂိုဟုအော်ပြီး အနိုင်ရကြောင်းပြောပါစေ။
- ထိုနည်းအတိုင်းဒုတိယ၊ တတိယ ဆက်လက်ရွေးချယ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိုးရာသီတွင်ဖြစ်တတ်သောအန္တရာယ်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ဆောင်ရန်၊ရှောင်ရန်ကစားခြင်း (မိနစ် ၂၀)**

- ဆရာကအောက်ပါအကြောင်းအရာများကိုရွတ်ဆိုပြပါ။
  ပြုလုပ်ရမည့်အချက်ဆိုလျှင်ကလေးများက လက်ထောင်ရပါမည်။ ရှောင်ရမည့်အချက်ဆိုလျှင် လက် မထောင်ရပါ။
- ရေအိုင်ထဲတွင် ခါတ်ကြိုးပြတ်ကျနေလျှင် အနားမသွားရပါ။
- လေပြင်းတိုက်နေစဉ် လမ်းလျှောက်မည်။
- မိုးကာဝတ်ပြီးသွားရမည်။
- ခမောက်ဆောင်းပြီး အပြင်ထွက်မည်။
- လေပြင်းတိုက်ချိန် သစ်ပင်အောက်တွင် မနေရပါ။
- မိုးရာသီတွင် အင်္ကျီလက်ရှည်နှင့်ဘောင်းဘီရှည်ဝတ်ထားရမည်။
- မိုးရေထဲမှာအကြာကြီး လျှောက်ကစားမည်။



DBE BOX

လုပ်ငန်းစဉ်(၂)။ ။**ဆွေးနွေးခြင်း (၁၀ မိနစ်)**

မိုးရာသီမှာလိုအပ်သောအသုံးအဆောင်များကို ဆရာနှင့်ကလေးများ အပြန်အလှန် ဆွေးနွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အဆင်ပုံစံ (Pattern)၏သဘောကို ဝတ္ထုပစ္စည်းများအသုံးပြု၍ဖွင့်ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့်လည်းကောင်း ဖော်ပြတတ်ရန်။


လုပ်ငန်းစဉ်(၁) ။ ။**သီကုံးခြင်း (၁၀ မိနစ်)**

- အတန်းတွင်းရှိကလေးများကို သင့်တော်သောဦးရေအလိုက် အုပ်စုများဖွဲ့ပါ။
- တစ်အုပ်စုလျှင် ရောင်စုံပုတီးစေ့အနည်းငယ်စီပေးပါ။
- ကလေး ၁ ဦးလျှင် သီကုံးရန် ကြိုး ၁ ချောင်းစီပေးပါ။
- ရောင်စုံပုတီးစေ့များကိုသုံး၍ လွယ်ကူသောအဆင်ပုံစံဖြင့် ပုတီးစေ့များကို သီကုံးပါစေ။

လုပ်ငန်းစဉ်(၂) ။ ။**ကုလားမစည်းနင်း ကစားခြင်း (မိနစ် ၂၀)**

- "ကုလားမစည်းနင်း" တမ်းကစားခြင်း
- ဆရာက ကြမ်းပြင်(သို့) မြေပြင်တွင်စည်းသားပါ။
- ကစားနည်းကို ဆရာက နမူနာပြုလုပ်ပြပါ။
- ထို့နောက် ကလေးများအလှည့်ကျပြုလုပ်ပါစေ။

ခြေနှစ်ဖက်စုံရပ်ပါ။




ခြေတစ်ချောင်းဖြင့်ခုန်ပါ။ ပြန်လှည့်ပါ။

**အသေးစိတ်သင်ယူမှုရလဒ် ။ ။သက်တံကိုလက်တွေ့ပြုလုပ်တတ်ရန်။**

လုပ်ငန်းစဉ် ။ ။**သက်တံပြုလုပ်ခြင်း (မိနစ် ၃၀)**

- သက်တံကို လက်တွေ့ပြုလုပ်ပါ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"က"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်း(ကဗျာ)ရွတ်ဆိုခြင်းနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"က"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားခဲ့ပြီးဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းရွတ်ဆို ပါစေ။
- "က"ဗျည်း၏အမည်သည် "ကကြီး"ဖြစ်သည်။

**"က"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ- ကလေး၊ ကစားစရာ)

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"က"ဗျည်းကိုကူးရေးခြင်း (၂၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A to P "အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A to P"**အက္ခရာ(၁၆)လုံးကို**Letter **ဘင်ဂိုကစားခြင်း(၁၅ မိနစ်)**

- ယခင်နေ့ကအတိုင်း ဆက်လက်ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A,B,C,D''**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင် အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပတ်ဝန်းကျင်ရှိရာသီဥတုအခြေအနေကိုစူးစမ်းလေ့လာတတ်ရန်။

လုပ်ငန်းစဉ်။ **။ပတ်ဝန်းကျင်လေ့လာခြင်း (မိနစ် ၃၀)**

- ဆရာက အတန်းအပြင်သို့ခေါ်သွားပြီး မိုးကောင်းကင်နှင့် ပတ်ဝန်းကျင် အခြေအနေကို လေ့လာခိုင်းမည်။ (သို့မဟုတ်) "ဆောင်းဥတုမြင်ကွင်း" ပုံကားချပ်ကိုပြပြီး ရုပ်ပုံထဲတွင် ဘာတွေတွေ့ရလဲ၊ ဘာဥတုလို့ထင်သလဲ၊ ဆရာနှင့် ကလေးများ အပြန်အလှန် ဆွေးနွေး မည်။ အဲဒီရာသီမှာ ဘာတွေဖြစ်တတ်သလဲ (ဆီနှင်းကျသည် အရမ်းအေးသည်၊ လကိုက်သည်စသည်ဖြင့်. . . . )

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၅ အထိ ကိန်းများကိုရွတ်ဆိုတတ်ရန်၊ ရေတွက်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ **။ကဗျာဆိုခြင်း (၁၀ မိနစ်)**

- (၁- ၅) အထိကိန်းများနှင့်ပတ်သက်သောကဗျာသီချင်းသီဆိုခြင်း။
- ကလေး(၅)ဦးကို ၁ မှ ၅အထိကိန်းကတ်ပြား (၁)ခု စီဝေပေးပါ။
- ဆရာက ကဗျာကိုအမူအရာဖြင့် အသံအနိမ့်အမြင့်မှန်စွာ ဆိုပါ။
- ကိန်းကဒ်ပြားများရရှိထားသောကလေးများက ကဗျာကိုသရုပ်ဆောင်ပါစေ။

**"ကိုကိုတစ်ကလေး"**

ကိုကို (၁) ကလေးထွက်လို့လာ
မမ (၂) လည်းပါ
ညီ (၃) ၊ (၄)နဲ့ (၅) လည်းပါ
အားလုံးကကြမှာ
၁၊ ၂၊ ၃၊ ၄၊ ၅

- ကဗျာတွင် ၁ ဟုဆိုပါက ၁ကိန်းကတ်ပြားကိုင်ထားသော ကလေးထွက်လာ၍ ကတ်ကို ပြပါ။
- ထိုနည်းအတိုင်း ၂၊ ၃၊ ၄၊ ၅ ကို ပြုလုပ်ပါ။

DBLBOX

- ၁၊ ၂၊ ၃၊ ၄၊ ၅ ကိန်းကတ်ပြားများကိုင်ထားသော ကလေးများက ကိန်းအမည်များကို အစဉ်လိုက်ထောင်ပြပါစေ။
- ကျန်ကလေးများအားလုံး ၁ မှ ၅ အထိရွတ်ဆိုပါစေ။

လုပ်ငန်းစဉ်(၂)။ ။ **ပစ္စည်းများကိုရေတွက်ခြင်း (မိနစ် ၂၀)**

- ကလေးများကို ကြိုက်နှစ်သက်ရာကျောက်ခဲ(သို့) သစ်ရွက်(သို့)သစ်စေ့များကို ၅ခုထက်မပိုစေပဲကောက်ယူပါစေ။
- ၁မှ၅အထိကိန်းကတ်ပြားများထဲမှ ကတ်၁ခုစီရွေးချယ်ပါ။
- မိမိရွေးချယ်ထားသောကတ်ပြားတွင်ပါသောကိန်းအတိုင်း ကောက်ယူထားသော ပစ္စည်း (ဥပမာ- သစ်ရွက်၊ သစ်စေ့)များကိုတင်ပါစေ။
- ဆရာမှ ကလေးများကိုလှည့်လည်ကြည့်ရှု၍ တင်ထားသော ပစ္စည်းအရေအတွက်ကို မေးပါ၊ ကိန်းကတ်ပြားပေါ်ရှိ ကိန်းကိုမေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာဆိုခြင်း(မိနစ် ၃၀)**

- နွေ၊ မိုး၊ ဆောင်းကဗျာကိုအမူအရာဖြင့် ပြန်ဆိုပါ။

**အင်္ဂါနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းအက္ခရာ၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်(၁)။ ။**"က"ဗျည်းအက္ခရာ၏အသံနှင့်အမည်ကိုရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းရွတ်ဆို ပါစေ။
- "က"ဗျည်း၏အမည်သည် "ကကြီး" ဖြစ်သည်။

**"က"ဗျည်း အက္ခရာစာလုံးဆက်စပ်ခြင်း**

-ယခင်သင်ကြားခဲ့ပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်းပြုလုပ်ပါ။

-(ဥပမာ-ကလေး၊ ကစားစရာ)

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂)။ ။**"က"ဗျည်းကိုကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမူအရာဖြင့်ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၃)။ ။**"ဆာလောင်နေသောဘီလူးကြီး"(ပုံပြင်)ပြောခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးခဲ့သည့်ပုံပြင်ပြောနည်းအတိုင်းပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "One, Two"**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင် အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Q"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Q"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။



DPE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ဆောင်းရာသီအအေးဒဏ်ကိုကာကွယ်နေထိုင်တတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- ဆောင်းရာသီတွင် ဝတ်ဆင်ရမည့်အဝတ်အထည်များကို ဆရာနှင့် ကလေးများ အပြန်အလှန် ဆွေးနွေးပါစေ။

လုပ်ငန်းစဉ်(၂)။ ။**ဆောင်ရန်၊ ရှောင်ရန်ကစားခြင်း (မိနစ် ၂၀)**

- ဆရာက အောက်ပါအကြောင်းအရာများကို ရွတ်ဆိုပြပါ။ ပြုလုပ်ရမည့်အချက်ဆိုလျှင် ကလေးများလက်ကိုအပေါ် မြှောက်ရမည်။ ရှောင်ရမည့် အချက်ဆိုလျှင် လက် မမြှောက်ရပါ။
- ဆောင်းရာသီတွင် ပန်ကာဖွင့်အိပ်ရမည်။
- ခြေအိတ်၊ လက်အိတ်ဝတ်ပြီး အပြင်သို့ထွက်မည်။
- ညအိပ်လျှင်စောင်ခြုံအိပ်မည်။
- ဆောင်းရာသီတွင် ယပ်တောင်ခတ်နေရမည်။
- အနွေးထည်ထူထူဝတ်ရမည်။
- နှင်းတွေကျနေလျှင် ဦးထုပ်မပါဘဲ အပြင်ထွက်မည်။
- ဆောင်းရာသီအေးလျှင် မီးလှုံကြသည်။

လုပ်ငန်းစဉ်(၃)။ ။ **နွေ၊ မိုး၊ ဆောင်းကစားခြင်း**

- မြေပြင်တွင်စည်းများသားပါ။
- <u>နွေ</u>
- <u>မိုး</u>
- <u>ဆောင်း</u>
- ကလေးအားလုံးနွေနေရာတွင် တန်းစီရပ်နေရမည်။
- ဆရာက မိုးဟုခေါ်လျှင် "မိုး"ဟု သတ်မှတ်ထားသောနေရာကို အမြန်ခုန်ကူးရမည်။ စည်း မကျော်ရ၊ စည်းတက်မနင်းရ။
- အကယ်၍ ဆရာက နွေနေရာမှ ဆောင်းဟုအော်လျှင် ဆောင်းနေရာကို အရောက်ကျော်ခုန်ကူးရမည်။ နေရာမှားသူက ခေါ်သူအဖြစ်ဆက်၍ ကစားသွားရမည်။
- နမူနာ ဆရာက ကစားပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရုပ်ပုံများရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရုပ်ပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများနှစ်သက်ရာဆောင်းရာသီအဝတ်အထည်များကို ပုံဆွဲပြီးဆေးခြယ်ပါ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"အက္ခရာကိုပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"က"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်ကစားခဲ့ပြီးသောဗျည်းကစားနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဘ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဘ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်း(ကဗျာ)ရွတ်ဆိုခြင်းနည်းအတိုင်း ပြုလုပ်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။“ဘ”ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ဘ”ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- “ဘ”ဗျည်း၏အမည်သည် “ဘကုန်း”ဖြစ်သည်။

**“ဘ”ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ- ဘဘ၊ ဘကြီး)

အသေးစိတ်သင်ယူမှုရလဒ်။ ။“ဘ”ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ဘ”ဗျည်းကိုကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“A to P ”အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **“A to P”အက္ခရာ ကတ်ပြားများဖြင့် ကစားခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် “A to F”အက္ခရာ ကတ်ပြားများဖြင့် ကစားခြင်းနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“Q”အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **“Q”အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရာသီဥတုများသည် လူများအတွက် ကောင်းကျိုးနှင့် ဆိုးကျိုးရှိပုံ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရုပ်ပုံလေ့လာခြင်း (မိနစ် ၆၀)**

- ရုပ်ပုံများကိုကြည့်ရှုလေ့လာပြီး ကလေးများနားလည်သလိုပြောပါ။(ရာသီဥတုကလူတို့နှင့် အပြန်အလှန်အကျိုးပြုပုံ)(နွေ၊ မိုး၊ ဆောင်း)မြင်ကွင်းပုံများ

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံဖော်ကပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဖော်ကပ်ခြင်း (မိနစ် ၃၀)**

- ယခင်ကရေးဆွဲခဲ့သော ရုပ်ပုံများကို အသုံးပြုပြီး ကလေးများ အုပ်စုလိုက် နှစ်သက်ရာ ရာသီဥတု(၁)မျိုးကို စက္ကူဖြင့်ဖြတ်၊ ညှပ်ကပ်ပုံဖော်ပြီး ပြောပါစေ။

ကြာသပတေးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။“ဘ”အက္ခရာကိုပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**“ဘ”ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်ကစားခဲ့ပြီးသောဗျည်းကစားနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“ဘ”ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၂)။ ။**“ဘ”ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- “ဘ”ဗျည်း၏အမည်သည် “ဘကုန်း”ဖြစ်သည်။

**“ဘ”ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ- ဘဘ၊ ဘကြီး)



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဘ"ဗျည်းအက္ခရာ ကူးရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။**"ဘ"ဗျည်းအက္ခရာ ကူးရေးတတ်ရန် (မိနစ် ၂၀)**

- "ဘ"ဗျည်းကို ကူးရေးခြင်း ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိစိတ်ကူးဖြင့်ပုံများကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၄) ။ ။**မိမိနှစ်သက်ရာပုံရေးဆွဲခြင်း (၁၀ မိနစ်)**

-ကလေးများ နှစ်သက်ရာပုံရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C,D **သီချင်း(သို့)** One, Two**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"R"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "R"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ် ။ ။လက်တွေ့သရုပ်ဆောင်၊ လေ့ကျင့်ခြင်း (မိနစ် ၃၀)**

**"ရေကြီးခြင်း"**

ရပ်၊ လှည့်ကြည့်၊ ပြေး

ရပ်- လုပ်နေတာအားလုံးရပ်

လှည့်ကြည့်- ပတ်ဝန်းကျင်ကို (ဆရာမ)ကိုကြည့်

ပြေး- မြင့်ရာသို့ (ဆရာမညွှန်ကြားရာသို့) ပြေး

ရေကြီးသည့်အခါလုပ်ဆောင်ရမည့်နည်းလမ်းများကို လက်တွေ့လုပ်ဆောင်ခြင်း။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁ မှ ၂ အထိ ကိန်းများကိုဖတ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကိန်းကတ်ပြားပေါ်ရှိကိန်းကိုဖတ်ခြင်း(၁၅ မိနစ်)**

- ဆရာမှ ၁-၂အထိ ကိန်းကတ်ပြားထဲမှ တစ်ခုကိုကောက်ယူပါ။
- ထိုကတ်ပြားကိုကလေးများအား ထောင်ပြပါ။
- ကလေးများမှဆရာပြသောကိန်းကတ်ပြားပေါ်ရှိကိန်းကိုဖတ်ပါစေ။
- ထိုနည်းအတိုင်း ဆရာမှ အခြားကိန်းများကို အထက်ပါအတိုင်း ဆောင်ရွက်ပါ။

လုပ်ငန်းစဉ်(၂)။ ။**ရေတွက်ခြင်း (၁၅ မိနစ်)**

- ရေသန့်ဘူး ၂ ဘူးကိုထိပ်မှဖြတ်ပါ။
- တစ်ဘူးတွင် (၁)၊ အခြား တစ်ဘူးတွင် (၂)ဟုရေး၍ကပ်ထားပါ။
- ကလေးများ၏ စားပွဲဝိုင်းတွင် ထိုဘူး၂ဘူး ချထားပါ။
- ကျောက်ခဲ (သို့) တုတ်ချောင်း (သို့) ပိုက်ချောင်းစသည့် ပစ္စည်းများကို သုံး၍ ကိန်းအမည်ရေးထားသော ဘူး(၂)ဘူးထဲသို့အရေအတွက်မှန်အောင် ရွတ်ဆို၍ ထည့်ပါစေ။
- ဘူး ၂ ဘူးကိုနေရာပြောင်း၍အကြိမ်များစွာထပ်မံပြုလုပ်ပါ။
- ဆရာသည်ကလေးများအားလုံးပါဝင်နိုင်အောင် လိုက်လံကြည့်ရှုစစ်ဆေးပါ။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**ကဗျာကိုရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဖားငယ်ကလေး ကဗျာကိုဟန်ပန်အမူအရာဖြင့်ရွတ်ဆိုခြင်း

**"ဖားငယ်ကလေး"**
(ဖားငယ်ကလေး)၂
သူတို့အော်သံကြား
(အုံးအွမ် ကွမ် ကွမ်)၂
အုံးအွမ် ကွမ် ကွမ် ကွမ်
(အမြီးမရှိ)၂ အသံကျယ်စွာအော်
(အုံးအွမ် ကွမ် ကွမ်)၂
အုံးအွမ် ကွမ် ကွမ် ကွမ်

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဘ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**"ဘ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဘ"ဗျည်း၏အမည်သည် "ဘကုန်း"ဖြစ်သည်။
- **"ဘ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ- ဘဘ၊ ဘကြီး)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဘ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၂)။ ။**"ဘ"ဗျည်းကိုကူးရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများကိုခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၃)။ ။**"ဝ၊ဂ၊ပ၊င၊ထ၊တ၊က၊ဘ"တို့မှဆရာခေါ်ပေးသောဗျည်းကိုဝိုင်းစေခြင်း(မိနစ် ၂၀)**

- ယခင်ကစားခဲ့ပြီးသောဗျည်းကစားနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံစူးစိုက်နားထောင်ပြီး ဗျည်းအက္ခရာစာလုံးများနှင့်ကစားတတ်ရန်။

လုပ်ငန်းစဉ်(၄)။ ။**ဘင်ဂိုကစားခြင်း (မိနစ် ၂၀)**

- အုပ်စုငယ်များဖွဲ့ပါ။
- အုပ်စုတစ်ခုကိုဗျည်းအက္ခရာစာလုံးကတ်ပြား(ဝ၊ခ၊က၊ဂ၊ပ၊င၊တ၊ထ၊ဘ)၉ခု တစ်စုံစီပေးပါ။
- ကတ်ပြားများကို (၃)ခုစီတန်း၍စီရန် ညွှန်ကြားပါ။ ကူညီပါ။ (ကြိုက်သလို စီစဉ်နိုင်ခွင့်ပေးပါ။)



DBE Box

- ဆရာက အက္ခရာတစ်လုံးစီကို ကျပန်းခေါ်ပေးပါ။ အုပ်စုများက မိမိတို့ ကတ်ပြားများကို ကြည့်ပြီး ဆရာခေါ်သော အက္ခရာရှိပါက ၎င်းအက္ခရာ ကတ်ပြားကို ၎င်း၏နေရာတွင် ပင် မှောက်ထားပါစေ။
- ဤနည်းအတိုင်း အက္ခရာများကို ဆက်လက်ခေါ်သွားပါ။ အက္ခရာများ ဘေးတိုက် (သို့မဟုတ်) ဒေါင်လိုက် (သို့မဟုတ်)ထောင့်တန်းသုံးလုံးတန်း မှောက်ပြီးပါက ထိုအသင်းမှ ဘင်ဂိုဟုအော်ပြီး အနိုင်ရကြောင်းပြောပါစေ။
- ထိုနည်းအတိုင်း ဒုတိယ၊ တတိယ ဆက်ရွေးချယ်ပါ။

မှတ်ချက်။ ။အုပ်စုတစ်စုကိုအက္ခရာကတ်ပြား(၄)ခုတစ်စုံစီလည်းပေးနိုင်ပါသည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာ ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"L,M,N,O,P,Q,R"အက္ခရာအမည်များ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"L,M,N,O,P,Q,R"အက္ခရာများကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင် တို့ရပ်ရွာ သင်ခန်းစာမှ "A to H"အက္ခရာများ ရွတ်ဆိုနည်း အတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သဘာဝဘေးနှင့် ကြုံလျှင် လုပ်ဆောင်ရမည့် နည်းလမ်းများ လက်တွေ့လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**လက်တွေ့သရုပ်ဆောင်၊ လေ့ကျင့်ခြင်း (မိနစ် ၃၀)**

- ငလျင်လှုပ်ခြင်း
- ထိုင်ချ၊ အကာအကွယ်ယူ၊ ကိုင်ထား
- ထိုင်ချ၊ မြေပေါ်ထိုင်ချပါ။
- အကာအကွယ်ယူ၊ ခိုင်ခံ့သည့်စားပွဲအောက်သို့ဝင်ရောက်အကာအကွယ်ယူပါ။
- ကိုင်ထား- ငလျင်ပြီးသည်အထိ တစ်ခုခုကိုစွဲစွဲမြဲမြဲကိုင်ထားပါ။
- အကယ်၍အဆောက်အဦးအပြင်တွင်ရှိပါက
- မြင့်သောပစ္စည်းများနှင့် ဝေးရာကွင်းပြင်သို့ပြေး
- မြေပေါ်ထိုင်ချ
- မျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်ထား
- ငလျင်ရပ်သည်ထိနေ

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၊ ၂ ကိန်းများကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**လေထဲတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ဆရာသည် အတန်းရှေ့ရှိ ကျောက်သင်ပုန်းဘက်သို့လှည့်၍ ရပ်ပါ။
- (၁)ကိန်းကိုလေထဲမှာဆွဲသားပုံကို သရုပ်ပြပါ။
- ကလေးများက ဆရာ၏ ဆွဲသားပုံအတိုင်းလေထဲတွင်လိုက်၍ဆွဲပါစေ။
- ကလေးများအား မိမိစားပွဲပေါ်တွင် (၁)ကိန်းကိုလက်ညှိုးဖြင့် အကြိမ်ကြိမ် ရေးဆွဲပါစေ။
- ဆရာသည် တစ်တန်းလုံးအား ရေးဆွဲနည်း မှန်၊မမှန်လိုက်လံကြည့်ရှုပါ။ မှားယွင်းခဲ့ပါက ဆရာက ပြုပြင်ပေးပါ။ (ထိုနည်းအတိုင်း (၂) ကိုရေးပါစေ။)

လုပ်ငန်းစဉ်(၂)။ ။ကျောပေါ်တွင်ရေးဆွဲခြင်း (၁၅ မိနစ်)

- ကလေးများအား စက်ဝိုင်းပုံနှစ်ထပ်ရွေ့နောက်တန်းစီ၍ရပ်စေပြီး အပြင်စက်ဝိုင်းမှ ကလေးက အတွင်းစက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၁ ကိန်းကို လက်ဖြင့် ရေးပါစေ။
- ထိုနောက် စက်ဝိုင်း၂ ဝိုင်းလုံးမှ ကလေးများကို နောက်ပြန်လှည့်စေပြီး အတွင်းစက်ဝိုင်းမှ ကလေးက အပြင်စက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၁ကိန်းကို လက်ဖြင့် ရေးပါစေ။

၁ ကိန်းကို ကူးရေးခြင်း (မိနစ် ၃၀)

- ဆရာက သင်ပုန်းပေါ်တွင် ၁ ကိန်းကိုရေးပြပါ။
- ကလေးတစ်ဦးစီ၏ လုပ်ငန်းပေးစာအုပ်ထဲတွင်အစက်များကိုဆက်၍ ၁ ကိန်း ကို ရေးပါစေ။
- ကလေးများရေးနေစဉ် ဆရာက လိုက်လံကြည့်ရှုပါ။

(၁ မှ၂၀အထိကိန်းများကို ဤနည်းအတိုင်းကလေးများနှင့်အတူဆောင်ရွက်နိုင်ပါသည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)

- နွေ၊ မိုး၊ ဆောင်းရာသီ(၃)မျိုးမှ မိမိနှစ်သက်ရာအဝတ်အထည်၊ သို့မဟုတ် အသုံးအဆောင် တစ်ခုခုကို ပုံဆွဲပြီးဆေးရောင်ခြယ်ပါ။

DBE Box